# ငါတို့အားလုံး မလိုကြဘူးလား? Don't we all

ဘုရားကျောင်းရှေ့ မိမိကားကို ရပ်ထားပြီး မလိုအပ်သောအရာများကို ဂျစ်ကားထဲမှ ရှင်းထုတ်ပစ်လျက်ရှိနေခဲ့သည်။ ကျွန်တော်က တစ်စုံတစ်ဦးအလာကို စောင့်ဆိုင်းနေသည်။

ထိုအချိန်တွင် လမ်းတဖက်တစ်ချက်မှ ကျွန်တော်ရှိရာသို့ လူတစ်ယောက်လာနေခဲ့ရာ သူ့အသွင်အပြင်က ယနေ့လူ့အသိုင်းအဝိုင်း၏ အမြင်အရဆိုလျှင် လူလေလူလွင့်ဟု မှတ်ယူမိမည်ဖြစ်သည်။ အမြင်အရ သူ့၌ကားမရှိ၊ အိမ်မရှိ၊ အဝတ်အစားကောင်းကောင်းမရှိ၊ ငွေမရှိပုံပေါက်နေသည်။ တစ်ခါတစ်ရံ သူတစ်ပါးကို ကူညီလိုသော ဆန္ဒရှိတတ်သလို သူတပါးအတွက် စိတ်အနှောက်အယှက် အဖြစ်မခံလိုသောအချိန်၊ ဒုက္ခမခံလိုသောအချိန်များလည်း ရှိတတ်ပါသည်။ ယခုအချိန်က သူတစ်ပါးအတွက် ဒုက္ခမခံလိုသောအချိန်၊ စိတ်အရှုပ် မခံလိုသောအချိန်တစ်ချိန်ဖြစ်နေခဲ့သည်။

"သူ ငါ့ဆီက ပိုက်ဆံမတောင်းရင်ကောင်းမယ်" ဟု စိတ်ထဲတွေးနေခဲ့သည်။ သူကလည်း မတောင်းခဲ့ပါ။

သူက ဘတ်စကားစောင့်ရန် ကားမှတ်တိုင်ရှေ့မှ နံရံပေါ်လာရောက်ထိုင်နေခဲ့သည်။ အတန်ကြာသောအခါသူက "တော်တော်ကောင်းတဲ့ ကားဘဲဗျ"ဟု ဆိုလာသည်။

စုတ်စုတ်ပြတ်ပြတ်ဝတ်ဆင်ထားသော်လည်း သူ့အသံက တည်တည်ကြည်ကြည်နှင့် ဣန္ဒြေအပြည့် ရှိနေခဲ့သည်။ သူ၏ ရွှေရောင်မုတ်ဆိတ်မွေးများက သူ့မျက်နှာကို နွေးထွေးစေသည်ထက် ပိုနေခဲ့သည်။ ကျွန်တော်က သူ့ကို ကျေးဇူးတင်ကြောင်းပြောပြီး ဂျစ်ကားကို ဆက်လက်ရှင်းလင်းနေခဲ့သည်။

ကျွန်တော်အလုပ်လုပ်နေသည်ကို သူက တိတ်တဆိတ် ထိုင်ကြည့်နေခဲ့သော်လည်း မျှော်လင့်ထားသော ပိုက်ဆံတောင်းသံက ပေါ်ထွက်လာခြင်းမရှိခဲ့ပါ။ ကျွန်တော်တို့နှစ်ဦးကြား တိတ်ဆိတ်ခြင်း၏ လွှမ်းမိုးမှုက ကြီးမားလာခဲ့သည်နှင့်အမျှ ကျွန်တော့်အတွင်းမှ တစ်စုံတစ်ရာက "သူအကူအညီတစ်စုံတစ်ခုလိုမလိုကို မေးကြည့်ပါလား"ဟု နှိုးဆော်နေခဲ့သည်။

သူက လိုမည်ဖြစ်ကြောင်း ပြောလိမ့်မည်ဟု သေချာပေါက်တွက်၍ မိမိ စိတ်ထဲမှ နှိုးဆော်သည့်အသံအတိုင်း "ခင်ဗျားအကူအညီတစ်ခုခုလိုနေသလား?"ဟု မေးခဲ့သည်။ သူဖြေခဲ့သည့် စကားလုံးများက ရိုးရှင်းသောစကားလုံးများသာဖြစ်ခဲ့သော်လည်း ကျွန်တော့်တစ်သက် မမေ့နိုင်လောက်အောင် ဖြစ်သွားရသည်။ ကျွန်တော်တို့အနေနှင့် မကြာခဏဆိုသလို ကြီးမြတ်သော ယောကျာ်း၊ မိန်းမများထံမှ ဉာဏ်အမြော်အမြင် ပြည့်ဝသောစကားများကို ရှာဖွေကြသည်။ မြင့်မားသော အောင်မြင်မှုများရရှိခဲ့သူများ၊ လေ့လာတတ်ကျွမ်းသူများထံမှ ထိုသို့သောအရာကို ကျွန်တော်တို့ မျှော်လင့်ကြသည်။ ကျွန်တော့်အနေနှင့် ဆန့်တန်းလာမည့် ညစ်ပတ်သောလက်တစ်ဖက်ထက်ဘာကိုမျှပို၍ မမျှော်လင့်ထားခဲ့ပါ။ ကျွန်တော့်ကို တုန်လှုပ်သွားစေခဲ့သော စကားလုံးများ သူ့နှုတ်မှ ထွက်လာခဲ့သည်။

"ငါတို့အားလုံး မလိုကြဘူးလား?"

ကျွန်တော်က ဘဝင်မြင့်ပြီး မိမိကိုယ်ကို အထင်ကြီးနေခဲ့သည်။ လမ်းပေါ်မှ လူလေလူလွင့်တစ်ဦးအပေါ် ပို၍အောင်မြင်ပြီးအရေးကြီးသည်ဟု မိမိကိုယ်ကို ထင်နေခဲ့ရာ ထိုစကားလုံးများက ကျွန်တော့်ကို နှစ်လုံးပြူးသေနတ်နှင့် ကပ်ပစ်လိုက်သလို ခံစားစေခဲ့ရသောအချိန်အထိပင်ဖြစ်သည်။ " ငါတို့အားလုံး မလိုကြဘူးလား?"

ကျွန်တော် အကူအညီ လိုအပ်ခဲ့ပါသည်။ ဘတ်စကားခအတွက် မိမိအိပ်စက်နားခိုရာအတွက် လိုချင်မှ လိုအပ်မည်။ သို့သော် ကျွန်တော် အကူအညီ လိုနေခဲ့ပါသည်။ . . . ထိုစကားလုံးများက မှန်ကန်နေဆဲပင် ဖြစ်သည်။ မိမိ၌ မည်မျှပင် ရှိနေစေကာမူ၊ မည်ကဲ့သို့သော အောင်မြင် မှု များကို ရရှိထားစေကာမူ၊ သင်သည်လည်း အကူအညီလိုနေမည်သာဖြစ်သည်။ မိမိအနေနှင့် မည်မျှပင် ချို့တဲ့နေစေကာမူ၊ အိပ်စရာအတွက် နေရာပင်မရှိ၊ ငွေမရှိဖြစ်နေရလောက်အောင် ပြဿနာပေါင်းစုံဖြင့် မည်မျှပင် ဖိစီးခံရနေစေကာမူ သင့်အနေနှင့် အကူအညီကို ပေးနိုင်ပါသည်။ ၎င်းက တစ်စုံတစ်ရာကို ပြည့်စုံသွားအောင် ဖြည့်ဆည်းလိုက်သည့်အရာ၊ စကားလေးတစ်လုံးဖြစ်သည့်တိုင် သင့်အနေနှင့် ထိုအရာကို ပေးနိုင်ပါသည်။

ဤအရာအားလုံးကို ယူမည့်ပုံပေါက်နေသည့်သူ တစ်စုံတစ်ဦးကို သင်ဘယ်အချိန်တွေ့ရမည်ဆိုသည်ကို သင်မသိနိုင်၊ သူတို့တွင် မရှိသည့်အရာကို သင်က ပေးရန်အတွက် သူတို့က သင့်ကို စောင့်စားကောင်း စောင့်စားနေပေလိမ့်မည်။ ဆိုကြပါစို့- ဘဝအသက်တာပေါ် ထူးခြားသော အမြင်တစ်ခု သို့မဟုတ် လှပသောအရာတစ်ခုခုပေါ် တဒင်္ဂအမြင်၊ သို့မဟုတ် နေ့စဉ် ဗရမ်းပတာ ဖြစ်ပျက်မှုများကြားမှ ယာယီအနားရခြင်း အစရှိသည်တို့ကဲ့သို့ ဖရိုဖရဲ တစ်စစီဖြစ်နေသော ကမ္ဘာလောကကြီးကြားမှ သင်သာလျှင် မြင်နိုင်သောအရာများအတွက် သင့်ထံမှ စောင့်စားနေကြပေလိမ့်မည်။

ဤသူက လမ်းတကာ လှည့်လည်သွားလာနေသူ အိမ်ခြေမဲ့တစ်ဦး ဖြစ်ကောင်းဖြစ်မည်။ ဒါမှမဟုတ် သူက ထို့ထက်ပိုချင်လည်းပိုနိုင်သည်။ မိမိကိုယ်ကို အလွန်ကျေနပ်နှစ်သက်နေသော ဝိညာဉ်တစ်ခုကို စောင့်ရှောက်ကူညီရန်အတွက် ကြီးမြတ်ပြီး ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံသော တန်ခိုးစွမ်းအားတစ်ခုခုက ပို့ဆောင်လိုက်သောသူလည်း ဖြစ်နိုင်သည်။

ဘုရားသခင်က မြေကြီးပေါ်သို့ကြည့်ပြီး ကောင်းကင်တမန်တပါးကိုခေါ်ကာ လူလေလူလွင့်၊ ကလေကချေတစ်ဦးအသွင် ဝတ်စားစေလျက် "ဂျစ်ကားဆေးနေတဲ့လူဆီသွားပြီး အကူအညီပေးလိုက်၊ သူအကူအညီ လိုနေတယ်" ဟု ပြောကောင်းပြောလိုက်ပေလိမ့်မည်။

ကျွန်တော်တို့အားလုံး မလိုကြပေဘူးလား?

နာသန်နီရယ်ဘရွန်နာ

(ကျွန်တော်တို့အားလုံး အကူအညီ လိုအပ်ကြသလို အကူအညီကို ပေးတတ်ကြဘို့လည်းလိုသည်။ ပေးကမ်းခြင်းသည် မကြာခဏဆိုသကဲ့သို့ စစ်မှန်သော ကောင်းချီးမင်္ဂလာနှင့် ပျော်ရွှင်ကျေနပ်ခြင်းရှိရာဖြစ်သည်။ သို့သော်လည်း ကျွန်တော်တို့၏ ပေးကမ်းခြင်းက အထက်စီး အပြုအမူသဘောထားနှင့်သော်၎င်း၊ ဂုဏ်သိက္ခာမဲ့သော လိုက်လျောမှုမျိုးဖြင့်၎င်း၊ မိမိတို့တန်ဖိုးကို ထူထောင်မတည်လိုသောသဘောဖြင့်၎င်း မပြုမိရန် သတိပြုရမည်ဖြစ်သည်။ တစ်စုံတစ်ဦး၏ ပေးကမ်းမှုကို လက်ခံရသော အနေအထားသို့ မိမိမရောက်ရှိသေးခဲ့လျှင် ထိုနေ့သည် ရောက်လာမည်ဖြစ်ကြောင်းကိုသိလျက် ထိုအခြင်းအရာသည် လိုအပ်သလို ကျွန်ုပ်တို့ကလည်း လုပ်ဆောင်နိုင်သောကြောင့် ကျွန်ုပ်တို့အနေနှင့် ပေးကမ်းခြင်းကို နှိမ့်ချသော စိတ်နှလုံးဖြင့် ပြုအပ်သည်။ သမ္မာကျမ်းစာက "သူတစ်ပါးလက်မှ မခံမယူဘဲ အလိုအလျောက်ရသောအရာတစ်စုံတခုမျှ သင့်၌ ရှိသလော?" (၁ကော ၄း၇) ဒေးဗစ်ဘရန့်ဘာ့(ဂ)

**ကျွန်ုပ်တို့သည် တစ်ချိန်ပြီးတစ်ချိန်၊ တစ်ရက်ပြီးတစ်ရက်၊ တစ်နှစ်ပြီးတစ်နှစ် မိမိတို့၏ ဘဝအသက်တာများကို တည်ဆောက်ကြသည်။ တစ်နှစ်တာ၏ အစက မိမိတို့၏ တည်ဆောက်မှု မည်သို့မည်ပုံ တိုးတက်နေကြောင်းကို ပြောရန် ကောင်းသောအချိန်ပင်ဖြစ်သည်။**

# ဘဝအသက်တာတစ်ခုကို တည်ဆောက်ခြင်း

Building a life

အသက်အရွယ် အိုမင်းလာပြီဖြစ်သော လက်သမားကြီးတစ်ဦးက အပြီးအပိုင် အနားယူရန် အဆင်သင့်ဖြစ်နေပြီဖြစ်သောကြောင့် မိမိ၏ဇနီးသည်နှင့်အတူ ပို၍အေးချမ်းသောဘဝဖြင့် အသက်ရှင်ရန် ထွက်ခွာမည့်အစီအစဉ်ကို သူ့အလုပ်ရှင်အား ပြောပြခဲ့သည်။ သူ့လစာကို လက်လွတ်ဆုံးရှုံးရမည်ဖြစ်သော်လည်း သူ့အနေနှင့် အနားယူရန် လိုအပ်ခဲ့သည်။ သို့သော် သူတို့အနေနှင့် ဆက်လက်ရှင်သန်နိုင်မည်ဖြစ်သည်။

ကန်ထရိုက်တာအလုပ်ရှင်က ဤကဲ့သို့ အလုပ်သမားကောင်းတစ်ယောက် ထွက်သွားသည့်အတွက် စိတ်မကောင်းဖြစ်မိသော်လည်း နေ–ာက် ဆုံး မိမိကို အလိုလိုက်သည့်အနေနှင့် အိမ်တစ်လုံးဆောက်ပေးပါရန် တောင်းခံခဲ့သည်။

လက်သမားကြီးက သဘောတူခဲ့သော်လည်း ဤသို့သောအချိန်မျိုးတွင် သူ၏စိတ်က အလုပ်တွင် တက်ကြွထက်သန်မှု မရှိတော့ကြောင်း အလွယ်တကူ မြင်နိုင်ပါသည်။ ထို့ကြောင့်လည်း ဈေးပေါပေါပစ္စည်းများကို အသုံးပြုလျက် ဖြစ်ကတတ်ဆန်း အိမ်ကို ဆောက်ခဲ့သည်။ ဤအခြင်းအရာက ဘဝတစ်ခုလုံးကို မြုပ်နှံထားခဲ့သည့်အသက်မွေးဝမ်းကျောင်းပညာတစ်ရပ်ကို လက်စသတ်ရန်အတွက် အလွန်ရုပ်ဆိုးအကျည်းတန်လှသော အဆုံးသတ်နည်းပင် ဖြစ်ခဲ့သည်။

လက်သမားကြီး၏ အလုပ်ပြီးဆုံးသွားသောအခါ အလုပ်ရှင်က အိမ်ကို လာရောက်စစ်ဆေးကာ အိမ်ရှေ့တံခါးသော့ကို လက်သမားကြီးလက်သို့ အပ်နှံလိုက်သည်။ "ဒါ ခင်ဗျားရဲ့အိမ်ဘဲ၊ ခင်ဗျားအတွက် ကျွန်တော့်လက်ဆောင်ပါ"ဟု ပြောလိုက်သည်။ လက်သမားကြီးက အကြီးအကျယ် တုန်လှုပ်သွားရသည်။ မည်မျှရှက်စရာ ကောင်းလိုက်ပါသနည်း၊ ဤအိမ်က မိမိအိမ်သာဖြစ်ကြောင်း သိခဲ့လျှင် သူ့အနေနှင့် အလွန်ထူးခြားစွာ ဆောက်လုပ်ခဲ့မည်ပင်ဖြစ်သည်။

ကျွန်ုပ်တို့၏ ဘဝအသက်တာနှင့်ကလည်း ဤအတိုင်းပင်ဖြစ်ပါသည်။မိမိတို့ ဘဝအသက်တာကို တစ်ရက်ချင်း တည်ဆောက်သွားကြရာမှာ မကြာခဏဆိုသလို ကျွန်ုပ်တို့၏ အကောင်းဆုံးထက် လျော့နည်းသည့်အရာများကို ထိုတည်ဆောက်မှုထဲ ထည့်သွင်းခဲ့ကြသည်။ ထို့နောက်မှ မိမိတို့ဆောက်သည့်အိမ်ထဲ မိမိတို့ ပြန်နေရမည်ကို သိရှိလာသောအခါ ထိတ်လန့် တုန်လှုပ်ကြရသည်။

အကယ်၍ မိမိတို့အနေနှင့် နောက်တစ်ကြိမ် ပြန်လည်ပြုလုပ်ရပါက အလွန်တမူထူးခြားစွာ ကျွန်ုပ်တို့ ပြုကြမည်သာဖြစ်သည်။ သို့သော် ကျွန်ုပ်တို့အနေနှင့် ထိုအနေအထားသို့ ပြန်မသွားနိုင်ပါ။

ကျွန်ုပ်တို့သည် မိမိတို့ဘဝအသက်တာများအတွက် လက်သမားများဖြစ်သည်။ နေ့စဉ်နေ့တိုင်း မိမိရိုက်လိုက်သည့် သံတချက်၊ နေရာချလိုက်သည့် သစ်တစ်ချပ် သို့မဟုတ် စိုက်ထူလိုက်သည့်နံရံတချပ် စသည်တို့ဖြစ်သည့် ယနေ့ မိမိ၏ ပြုမူကျင့်ကြံပုံများနှင့် ရွေးချယ်မှုများက မနက်ဖြန်အတွက် မိမိ၏ 'အိမ်'ကို တည်ဆောက်နေသည်။

ဥာဏ်အမြော်အမြင် ပြည့်ဝစွာဖြင့် တည်ဆောက်ပါ။

စာရေးသူ အမည်မသိ။

"သံချေး၊ ပိုးရွဖျက်ဆီး၍ သူခိုးထွင်းဖောက်ခိုးယူရာ မြေကြီးပေါ်မှာ ဘဏ္ဍာကို မဆည်းဖူးကြနှင့်။ သံချေး၊ ပိုးရွ မဖျက်ဆီး၍ သူခိုးမထွင်း မဖောက် မခိုးယူရာ ကောင်းကင်ဘုံ၌ ဘဏ္ဍာကို ဆည်းဖူးကြလော့။ အကြောင်းမူကား အကြင်အရပ်၌ သင်တို့၏ ဘဏ္ဍာရှိ၏။ ထိုအရပ်သို့ သင်တို့၏ စိတ်နှလုံးရောက်တတ်၏။ မဿဲ ၆း၁၉–၂၁။

**အရေးကြီးသည်မှာ . . .**

**လွန်ခဲ့သော နှစ်ပေါင်းအနည်းငယ်က ဆီယယ်တယ်(လ)အထူးအို လံပစ်ပွဲတော်၌ မီတာ ၁၀၀ အပြေးပြိုင်ပွဲတာထွက်သည့်နေရာတွင် ရုပ် ပိုင်းဆိုင်ရာအားဖြင့် သော်၎င်း၊ စိတ်ပိုင်းဆိုင်ရာအားဖြင့်သော်၎င်း၊ မသန်မစွမ်းဖြစ် နေကြသည့်ပြိုင်ပွဲဝင် (၉) ဦးစုရုံးလျက်ရှိနေခဲ့သည်။တာလွှတ်သေနတ်သံထွက် ပေါ်လာခဲ့ပြီးနောက် သူတို့အားလုံး တာထွက်ခဲ့ကြရာ တဟုန်ထိုးအရှိန်ဖြင့် ပြေးထွက်လာခဲ့ခြင်းမျိုးမဟုတ်သော်လည်း ပန်းတိုင်အရောက်ပြေးပြီး အနိုင်ရရှိမှုကို နှစ်သက်မှုဖြင့် တာထွက်လာခဲ့ကြခြင်းဖြစ်သည်။**

**အားလုံးမှလွဲပြီး ယောကျ်ားလေးတစ်ဦးသာ ကတ္တရာပြေးလမ်း ပေါ် အကြိမ်ကြိမ် လဲကျနေခဲ့၍ သူက စတင်ငိုကြွေးပါတော့သည်။ ကျန် သော ပြိုင်ပွဲဝင် (၈)ဦးတို့က သူ၏ ငိုသံကို ကြားသောကြောင့် အရှိန် သတ်လိုက်ကြပြီး လှည့်ကြည့်ခဲ့ကြသည်။ ထို့နောက် တစ်ယောက်မကျန် နောက်ကြောင်းလှည့် ပြန်လာကြသည်။ ဒေါင်ဆရင်ဒရုမ်း ခေါ် ဦးနှောက် နှင့် ခန္ဓာကိုယ် ဖွံ့ဖြိုးမှု သာမန်မဟုတ်သည့်ရောဂါ ခံစားနေရသော မိန်းကလေးတစ်ဦးက သူ့ကိုငုံ့ပြီးနမ်းလိုက်ရင်းက ''ဒါက မင်းကိုပိုပြီး သက်သာစေလိမ့်မယ်''ဟု ပြောလိုက်သည်။ ထို့နောက် (၉)ဦးစလုံးက လက် ချင်းချိတ်လိုက်ပြီး အတူတကွ လမ်းလျှောက်လျက် ပန်းဝင်လာကြသည်။**

**အားကစားပြိုင်ကွင်းထဲမှ လူတိုင်းမတ်တတ်ရပ်ခါ လက်ခုပ်သြဘာပေးခဲ့သည်မှာ မိနစ်အတော်ကြာခဲ့ပါသည်။ ထိုနေ့ ထိုနေရာ၌ ရှိခဲ့သော သူများက ဤအကြောင်းကို ယနေ့တိုင် ပြောနေကြဆဲဖြစ်သည်။ အဘယ့်ကြောင့်နည်း။ ဤ။ အကြောင်းအရာတစ်ခုကို ကျွန်ုပ်တို့အတွင်း၌ နက်ရှိုင်းစွာ သိရှိနေခဲ့သောကြောင့်ပင်ဖြစ်သည်။ ဤဘဝအသက်တာတွင် အရေးကြီးသည်က ကျွန်ုပ်တို့အတွက် အနိုင်ရရှိရေးမျှသာမဟုတ်ပါ။ ဘဝအသက်တာအတွက် အမှန်တကယ်အရေးကြီးသည်က မိမိတို့ကို နှောင့်နှေးသွားစေပြီး မိမိတို့၏ လမ်းကြောင်းကို ပြောင်းလဲသွားစေသည့်တိုင် ကျွန်ုပ်တို့အနေနှင့် တစ်ပါးသူတို့၏ ယှဉ်ပြိုင်မှုကို အကူအညီပေးရန်သာဖြစ်သည်။**